E.N.C. Ethnic Nationalities Council (Union of Burma)

တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ)

**P. O. Box - 49, Chiang Mai University, Chiang Mai, 50202, THAILAND**
**Email: <office@encburma.org>, http:// www.encburma.org**


Statement No. 8/ 2007

# လတ်တလောဖြစ်ပေါ်နေသည့် နအဖစစ်အစိုးရမှ သွေးမြေကျအကြမ်းဖက်လုပ်ရပ်အပေါ် တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) ၏ သဘောထား ထုတ်ပြန်ကြေငြာချက်။

ဖက်ဆစ်ဆန်သော စစ်အာဏာရှင်အစိုးရသည် ယနေ့ (၂၆-၀၉-၀၇) မှစပြီး ငြိမ်းချမ်းစွာ ဆန္ဒပြနေကြသော ရဟန်းသံဃာတော်များ၊ ကျောင်းသားပြည်သူများကို သေနတ်များ၊ မျက်ရည်ယိုဗုံးများ၊ လက်ကိုင်တုတ်များဖြင့် အသုံးပြုကာ တုန့်ပြန်သည့် သွေးမြေကျ အကြမ်းဖက်မှုအပေါ် မိမိတို့ **တိုင်းရင်းသားလူမျိုးများ ကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ)** မှ ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချလိုက်ကြောင်း ထုတ်ပြန်ကြေငြာ လိုက်ပါသည်။

ယခုကဲ့သို့ ငြိမ်းချမ်းစွာဆန္ဒပြနေသော ရဟန်းသံဃာတော်များအား စစ်အာဏာရှင်အစိုးရအနေနှင့် တည်ငြိမ်အေးချမ်းသည့် အဖြေရှာသည့်နည်းကိုမသုံးဘဲ အာဏာတည်တံ့ခိုင်မြဲရေးကိုသာ ကြည့်ပြီး ဖက်ဆစ်စနစ်ဆန်စွာ ရဟန်းသံဃာတော်များကို သေနတ်ဖြင့် ပစ်သတ်ခြင်း၊ သွေးမြေကျအောင် ရိုက်နှက်ခြင်း၊ လူဝတ်လဲကာ ဖမ်းဆီးထောင်ချခြင်းအထိ လူမဆန်စွာ ရက်ရက်စက်စက် ပြုကျင့်နေပြီးဖြစ်ပါသည်။

စစ်အာဏာရှင်များတို့သည် ပြည်သူ့တပ်မတော်သားများ၊ ပြည်သူ့ရဲများ၊ ပြည်သူ့ဝန်ထမ်းများ၏ ဘဝပို၍ပို၍ နစ်မွန်းသွားစေအောင်ပြုခြင်း၊ ပြည်သူများနှင့်ရန်တိုက်ပေးခြင်းအပြင် အဲီရတ်အာဏာရှင် ဆက်ဒမ်ဟူစိန်ကဲ့သို့ ကြိုးကွင်းစွပ်စေရန် သေဖော်ညှိခြင်းစသည့်တို့ဖြင့် သမိုင်းတရားခံများဖြစ်အောင် တွန်းပို့နေပါသည်။ ထို့ကြောင့် စစ်အာဏာရှင်များ၏ လူမဆန်သော လုပ်ရပ်များကို သတိတရားဖြင့် ဆင်ခြင်ပြီး အမှန်တရားဘက်မှ ရပ်တည်ကာ စစ်အစိုးရ၏အာဏာကို ဖီဆန်ဆန့်ကျင်သွားရန်နှင့် ရဟန်းသံဃာတော်များ၊ ကျောင်းသားပြည်သူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် နှိုးဆော်လိုက်ပါသည်။

မြန်မာနိုင်ငံ၏ဒုတိယလွတ်လပ်ရေးကြိုးပမ်းမှုအတွက်သော်လည်းကောင်း၊ မြန်မာပြည်ငြိမ်းချမ်းသာယာရေးအတွက်သော်လည်းကောင်း၊ အသက်စွန့်သွားကြသောအာဇာနည်ရဟန်းသံဃာတော်များ၊ ကျောင်းသားပြည်သူများအား ဦးညွတ်ဂုဏ်ပြုအပ်ပါသည်။

ထို့ကြောင့် အလှမ်းမဝေးတော့သော စစ်အာဏာရှင်စနစ် ပြုတ်ကျရေးအတွက် ရဟန်းသံဃာတော်များ၊ ကျောင်းသားပြည်သူများ အတူတကွ စည်းလုံးညီညွတ်စွာဖြင့် တိုက်ပွဲအရှိန်ပိုမြှင့်ကြပါရန် တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) (ENC) မှ အလေးအနက် တိုက်တွန်းအပ်ပါသည်။

တိုင်းရင်းသားလူမျိုးများကောင်စီ
(ပြည်ထောင်စုမြန်မာနိုင်ငံ)

ရက်စွဲ။ ။ သက္ကရာဇ် (၂၀၀၇) ခုနှစ်၊ စက်တင်ဘာလ (၂၆) ရက်။


Contact Persons:

(1) Dr. Lian H. Sakhong (081- 029 6100)
(2) Saw David Taw (081- 306 4351)
(3) Nai Mehm Thein Gha (089- 262 9256)